## ၂၀၀၇ကုန်တဲ့အထိ စီးပွားရေးပိတ်ဆို့မှုရှိသေးရင် ဆက်ပြီးဆန့်ကျင်သွားမယ်
## ကိုအေးလွင် (၈၈မျိုးဆက် ကျောင်းသားလူငယ်)



(၂၀၀၇) ခုနှစ် ဧပြီလ (၂၇) ရက်သောကြာနေ့ ရွှေမြင်တင် ဘုရားဝင်း ဓမ္မာရုံရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့ မန္တလေးတိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးအင်အားစုများ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲတွင် ကိုအေးလွင် (၈၈မျိုးဆက် ကျောင်းသားလူငယ်) ပြည်ထောင်စုမြန်မာနိုင်ငံကို လျှပ်တစ်ပြက်ဂျာနယ်မှ မေးမြန်းခဲ့ပါတယ်။

ကိုအေးလွင်တို့ စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်နေတဲ့ကြားက နောက်ထပ်တစ်နှစ် စီးပွားရေးပိတ်ဆို့လာပြန်ပါတယ်၊ အဲဒီ့အတွက် ကိုအေးလွင်တို့ရဲ စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးကိုဘယ်အချိန်ထိ ဆန့်ကျင်သွားမှာလဲ။ နောက်ထပ် ဘယ်လို လုပ်ရှားမှုတွေထပ်တိုးဦးမှာလဲ။

ကျွန်တော်တို့ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးကို လှုပ်ရှားမှုတွေစလုပ်ဖို့ **YMBA** မှာရှင်းလင်းတုန်းက (၂၀၀၇)တစ်နှစ်လုံး လုပ်မယ်လို့ပြောခဲ့တယ်၊ အခုချိန်ထိလည်းပဲ ကျွန်တော်တို့က ရောက်တဲ့နေရာတိုင်းမှာ ဒီလှုပ်ရှားမှုတွေကို ဆက်တိုက်လုပ်ပါတယ်၊ အခုကျွန်တော်တို့ ခရီးဆက်တဲ့နေရာတွေမှာလည်း ဆက်လုပ်မှာပါ၊ အဲဒီတော့ (၂၀၀၇) ခုနှစ်ကုန်တဲ့အထိကတော့ ကျွန်တော်တို့ဒီအတိုင်းသွားမှာပါ အဒီလို (၂၀၀၇) ခုနှစ်ကုန်တဲ့အထိ ဒီစီးပွားရေးပိတ်ဆို့မှုက ဆက်ရှိနေဦးမယ်ဆိုရင် ကျွန်တော်တို့ကဆက်ပြီးလုပ်ဦးမှာပါ။ အဲဒီတော့ မြန်မာနိုင်ငံကို စီးပွားရေးအရပိတ်ဆို့ထားမှုတွေနဲ့အခြား ပိတ်ဆို့ထားမှုတွေကတော့ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ မကောင်းတဲ့ အလားအလာတွေနဲ့ ဆိုးကျိုးတွေကိုသာပေးတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ရှိနေရင်ဆက်ပြီး ဆန်ကျင့်သွားမှာပါ။ (၂၀၀၈)ခုနှစ် မှာလည်း ဒီပိတ်ဆို့မှုတွေရှိနေသေးရင် ဆက်ပြီးဆန့်ကျင်သွားမှာပါ၊ ကျွန်တော်တို့ ဘာတွေဆက်လုပ်သွားမှာလည်း ဆိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ခရိုင်အဆင့်မြို့တွေမှာ ကျွန်တော်တို့ရှင်းလင်းပွဲတွေကို အမျိုးသားနိုင်ငံရေး အင်အားစုတွေအသွင်နဲ့ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတစ်ခုပေါ်ပေါက်ရေး ဒီအင်အားစုတွေနဲ့ လက်တွဲပြီး ကျွန်တော်တို့ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးကို ဆက်လက်ပြီး ပြည်သူလူထုကိုရှင်းပြသွားမယ်၊ ပြည်သူလူထုနဲ့ ဆက်ပြီးတော့လည်း လက်တွဲသွားမယ်၊ ကျယ်ပြန့်တဲ့ ပြည်သူလူထုရဲ့ ပါဝင်မှုရလာအောင်လည်း ကျွန်တော်တို့ဆက်ကြိုးစားမယ်၊ နောက်တစ်ဆင့်က သံတမန်အသိုင်းအဝိုင်းတွေကြားထဲမှာလည်းပဲ မြန်မာနိုင်ငံ စီးပွားရေးပိတ်ဆို့မှု လုပ်ထားတဲကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ဆန့်ကျင်ကြောင်းပြသတဲ့ လှုပ်ရှားမှုမျိုးလုပ်သွားဖို့ရှိပါတယ်၊ အဲဒီ့အခါကျတော့ ကျွန်တော်တို့က (၈၈)မျိုးဆက် ကျောင်းသားလူငယ်များ ပြည်ထောင်စုမြန်မာနိုင်ငံအနေနဲ့တင်မကတော့ပဲ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံအင်အားစုများအနေနဲ့ အဆင့်အထိ သံတမန်လှုပ်ရှားမှုကိစ္စတွေကိုပါ ဆက်လုပ်သွားဖို့ရှိပါတယ်၊ ကျွန်တော်တို့ မိတ္ထီလာခရီးစဉ်အပြီး၊ ရန်ကုန်ပြန်သွားစဉ်အချိန်တုန်းကလည်း ဂျပန်အစိုးရရဲ့ သံတမန်အကြီးအကဲတစ်ယောက်က ကျွန်တော်တို့ ဒီလှုပ်ရှားမှုစတင်ကတည်းက ဖိတ်ခေါ်ထားပါတယ်။ ဒါကို သူတို့သိချင်တယ်၊ ဆွေးနွေးချင်တယ်၊ အမြင်ချင်းဖလှယ်ချင်တယ်၊ဘာကြောင့်ဒါလုပ်တာလဲ၊ ကျွန်တော်မအားသေးဘူးလို့ငြင်းထားပါတယ် ဘာဖြစ်လို့လဲဆိုတော့ သံတမန်တွေနဲ့ ကျွန်တော်က (၈၈)(၈၉)နှစ်တွေတုန်းက အကြိမ်ပေါင်းများစွာ၊ အချိန်ပေါင်းများစွာထိတွေ့ခဲ့ရတယ်၊ လုပ်ခဲ့တဲ့အခါကျတော့သူတို့တွေက ကျွန်တော်တို့သဘောထားကို ဘယ်လောက်ပဲသိသိ ကျွန်တော်တို့သဘောထားက ဘယ်လောက်ပဲမှန်မှန်တာတရှိရှိ သူတို့ အဲဒါကို မသိဘူးဗျ။ သူတို့က ဘာသိလဲဆိုတော့ နိုင်ငံရေး အယူအဆတစ်ခုဟာ အဲဒီ့နိုင်ငံမှာရှိတဲ့ ပြည်သူလူထုက ဘယ်လောက်ထိလက်ခံသလဲဆိုတာ သူတို့ကြည့်တယ်၊ ကျွန်တော်တို့က ဒီနေ့ အမျိုးသားနိုင်ငံရေးအင်အားစုတွေနဲ့ လက်တွဲပြီးတော့ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးလှုပ်ရှားမှု ပြည်သူလူထု

ဘယ်လောက်ပါဝင်အောင်လုပ်နိုင်သလဲဆိုတာ အရေးကြီးတယ်၊ ပြည်သူလူထု ဘယ်လောက်ပါဝင်သလဲ၊ ပြည်သူလူထုကို ဘယ်လောက်ထိ ကျယ်ကျယ်ပြန့်ပြန့် အချိန်ပေးပြီး ရှင်းပြနိုင်ခဲ့သလဲ၊ ဒီရှင်းလင်းပွဲတွေမှာ ဘယ်လောက်ထိတုံ့ပြန်မှုတွေရှိခဲ့သလဲ၊ ဒါတွေကို ကျွန်တော်တို့က ခရီးစဉ်တိုင်းမှာ မှတ်တမ်းတွေလုပ်တယ်၊ သံတမန်တွေနဲ့ တွေ့တဲ့အခါမှာ ကျွန်တော်တို့ကဒါတွေကို ရှင်းပြတယ်၊ အခုမတ်လ (၂၉) ရက်နေ့တုန်းက ဂျပန်သံအမတ်ကြီးနဲ့တွေ့တော့ ဒါတွေကိုရှင်းပြတယ်၊ အခုကျတော့ သူတို့က တော်တော်အံ့သြတယ်၊ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးလှုပ်ရှားမှုကို (၈၈)မျိုးဆက်ကျောင်းသားတွေတင်မကတော့ပဲ အမျိုးသားနိုင်ငံရေးအင်အားစုတွေပါ ပူးပေါင်းပြီး လှုပ်ရှားပြီးဆောင်ရွက်နေပြီဆိုတာ ဂရုပြုမိလာတယ်၊ ဒါတင်မကဘူး ဒီအင်အားစုတွေဟာ စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်တဲ့ ဆန့်ကျင်လှုပ်ရှားမှုတင်မကပဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး လှုပ်ရှားမှုကိုပါ အတူတကွ လက်တွဲပြီး ပြည်သူလူထုတွေက ဆောင်ရွက်နေပြီဆိုတာကို ကျွန်တော်တို့အသိပေးတယ်၊ နိုင်ငံရေးအင်အားစုတွေက **NLD** နဲ့ ကွဲပြားခြားနားစွာ ရပ်တည်ပြီးတော့ **NLD** နဲ့ မတူတဲ့ နိုင်ငံရေးအခန်းကဏ္ဍတစ်ခုကနေ အမျိုးသားအကျိုးစီးပွားကို ဦးတည်ပြီး လှုပ်ရှားနေတာ တကယ်ပဲရှိနေပြီဆိုတာသိလို့ သူတို့ဝမ်းသာတယ်ဆိုတာ ကျွန်တော်ကိုပြောတယ်၊ အဲဒီတော့ ဒီအဖွဲ့အစည်းတွေနဲ့ ဆက်လက်ဆွေးနွေးပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ ကျရောက်နေတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်ရေးအတွက် ဂျပန်အစိုးရက အားတက်သရော ပူးပေါင်းဆောင်ရွက်သွားဖို့ သူတို့ဂျပန်အစိုးရကို ဆက်လက်တင်ပြပါမယ်လို့ သူတို့ပြောတယ်၊ အခု ကျွန်တော် ဒီကိုရောက်နေတဲ့အချိန်မှာ ဗြိတိသျှအစိုးရရဲ့ ဗြိတိန်သံရုံးက သံအမတ်ကြီးက ကျွန်တော်နဲ့ တွေ့ချင်တယ်လို့ကမ်းလှမ်းတာရှိတယ်၊ တစ်ခါ ဂျာမနီသံအမတ်ကြီးကလည်း လွန်ခဲ့တဲ့သုံးလလောက်က တွေ့ချင်တယ်လို့ ကမ်းလှမ်းတာရှိတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က ဘာလဲဆိုတော့ နိုင်ငံရေးအရ အရေးကိစ္စတစ်ခုကို သံတမန်တွေကြားထဲမှာ ချပြရတဲ့နေရာဟာ ဘယ်လိုအခြေအနေတွေရှိပြီးမှ ဆောင်ရွက်ခြင်းက ပိုကောင်းသလဲ၊ ပိုပြီးလက်တွေ့ကျကျ အောင်မြင်နိုင်သလဲဆိုတာ ကျွန်တော်တို့အတွေ့အကြုံအရ ကျွန်တော်တို့ သိထားတာတွေရှိတယ်၊ အခု **NLD** ပါတီကိုကြည့်ပါ၊ ရွေးကောက်ပွဲမှာ အနိုင်ရတယ်၊ နိုင်ထားသော်ငြားလည်း သံတမန်တွေနဲ့ နိုင်ငံတကာက ဘယ်လောက်ကူညီထားသော်ငြားလည်း ကိုယ်ချမှတ်တဲ့ မူဝါဒက တိုင်းပြည်အတွက် လက်တွေ့မဆန်ဘူး၊ တိုင်းပြည်မှာရှိတဲ့ နိုင်ငံရေးအသိုင်းအဝိုင်းနဲ့ အမျိုးသားရေးအင်အားစုတွေကြားထဲမှာ တကယ်တမ်းအမျိုးသားရေးအကျိုးစီးပွားကို တည့်တည့်မတ်မတ်ကြည့်ရှုခြင်းမရှိဆိုတဲ့ အခါကျတော့ တစ်ကမ္ဘာလုံးက ဝိုင်းပေမယ့် အလကားပဲ ရည်ရွယ်ချက်မရောက်ဘူး၊ အဲဒီတော့ ကျွန်တော်တို့က သံတမန်တွေနဲ့ ထိတွေ့လိုက်၊ ထမင်းစားပွဲတွေတက်လိုက်၊ ရှင်းလင်းပွဲတွေတက်လိုက် အဲဒါတွေ ဘယ်လောက်ပဲလုပ်လုပ် ကျွန်တော်တို့မှာက ရည်ရွယ်ချက်မရှိရင် အဲဒါကတွေက အလကားပဲ၊ ကျွန်တော်တို့ကိုယ်တိုင် အမျိုးသားနိုင်ငံရေးအင်အားစုတွေရဲ့သဘောထားကို ထင်ဟပ်ဖော်ပြနိုင်မယ့် စာစောင်သော်လည်းကောင်း၊ ဂျာနယ်၊ သတင်းစာသော်လည်းကောင်း၊ လုပ်နိုင်ဖို့အတွက် စဉ်းစားနေတာရှိပါတယ်။ ဆိုင်ရာတွေကို တင်ပြပြီး လုပ်ဖို့လည်းရှိပါတယ်။ ဒါဟာလည်း အမျိုးသားနိုင်ငံရေးအင်အားစုတစ်ခုဖြစ်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့က အထွေထွေအရပ်ရပ်ကိုပြန်စပြီး တည်ဆောက်နေရတာဆိုတော့ စိတ်သွားတိုင်းကိုယ်မပါနိုင်ဘူး၊ အဲဒီအခြေအနေဟာ မကြာမတင်ကာလအတွင်းကျွန်တော်တို့နဲ့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခြေအနေရောက်လာပြီဆိုရင်တော့ ကျွန်တော်တို့ဟာ အောင်မြင်ပါလိမ့်မယ်လို့ တင်ပြလိုပါတယ်။